# မြန်မာပြည်အတွက်ဆုတောင်း

ကောင်းကင်ဘုံရှင်အဖဘုရားရှင် အဖသည်ဘုန်းကြီးသော ကျမတို့ ကိုကယ်တင်နိုင်သောဘုရားဖြစ်ပါတယ်။ နိုင်ငံတနိုင်ငံအနေနဲ့ ကျမတို့ လျှောက်လှမ်းရမယ့်လမ်းကို အဖလမ်းပြဦးဆောင်ပေးပါ။ မတရားသောအမှုကို မြန်မာနိုင်ငံသားများ ဆန့်ကျင်တိုက်ခိုက်နေရတဲ့ အချိန်မှာ လူငယ်လူရွယ် မှအစ အသက်ကြီးရွယ်အို တဦးချင်း တယောက်ချင်းကို အဖကာကွယ်စောင့်ရှောက်ပေးပါ။ ဤလှုပ်ရှားမှုကို ဦးဆောင်နေသောမျိုးဆက်သစ်လူငယ် များကို ကောင်းကြီးပေးလမ်းပြပါ။နေ့စဉ်နဲ့အမျှ တိုင်းသူပြည်သားများ ပင်ပန်း ၊ စိတ်တို ၊မိမိဘဝ နဲ့ လုံခြုံမှုအတွက်ရုံးကန်နေရတဲ့အချိန်မှာ ထိုသူတဦးတယောက်စီကို အဖရဲ့ အတောင်တော်သည်သူတို့ ရဲ့ ခိုလှုံရာဖြစ်စေလျှက် သူတို့ ကိုလုံခြုံစေပါ။ အဖရဲ့ သနားခြင်းဂရုဏာနဲ့ ပတ်ရစ်လျှက်မကောင်းသူမှောင်မိုက်တန်ခိုးမှကွယ်ကာတော်မူပါ။ ထိုသူတို့ ကို အားပြည့်စေလျှက် အဖရဲ့ တန်ခိုး ဦးဆောင်လမ်းပြမှုဖြင့် သူတို့ နှင့်အတူအဖဘုရားရှိနေခြင်းကို သိရှိခံစားရလျှက် ဤအရာအားလုံးကို ထိန်းချုပ်နိုင်သူသည်အဖဘုရားဖြစ်တယ်ဆိုတာကိုသိရှိစေပါ။

Covid အခြေအနေကြောင့် ကမ္ဘာအရပ်ရပ်ခက်ခဲနေချိန်မှာ မြန်မာပြည်သည်လဲ အများကဲ့သို့ ပြင်းထန်စွာခံစားရတဲ့ အချိန်ဖြစ်ပါတယ်။ ဤကဲ့သို့ စိန်ခေါ်မှုများစွာရှိနေသောအချိန်မှာဆန္ဒပြနေသူများကို လုံခြုံစေလျှက် ကျန်းမာခြင်းအခွင့်ခွန်အားကိုပေးကာ ထိုဗိုင်းရပ်စ်ကို တွန်းလှန်နိုင်ရသောအခွင့်ကိုပေးပါအဖ။ မိမိတို့ အလုပ်များကိုစွန့် လွှတ်၍နိုင်ငံတော်အတွက် ပါဝင်ကြတဲ့ အစိုးရဝန်ထမ်းများကို ကောင်းကြီးပေးလျှက် များစွာသော အစိုးရဝန်ထမ်းများပိုမိုပါဝင်လာဖို့ လဲတောင်းလျှောက်ပါတယ်အဖ။ ကျမတို့ ဒီတိုက်ပွဲကို ကိုယ်တော်ရှင်မပါဘဲအောင်နိုင်ဖို့ မဖြစ်နိုင်ပါဘူး ကျမတို့ အဖကို လိုအပ်ပါတယ်။

ဤကဲ့သို့ ကြမ်းကြုတ်ရက်စက် ဆိုးရွားသည့် ပြစ်မှုများကို အပြစ်မရှိသောပြည်သူများအပေါ် ကျူးလွန်နေသူများကိုလဲ ဉာဏ်ပညာခွန်အားနှင့် ကြင်နာတတ်သောနှလုံးသားကိုပေးကာ သူတို့ လုပ်နေသောအရာများအပေါ် အမှားအမှန်ခွဲခြားကာ သူတို့ လုပ်နေသောအမှုအရာများကို ယခုချက်ချင်းရပ်ဖို့ ကိုလဲ အဖကူညီမစတော်မူပါ။ စစ်တပ်အာဏာပိုင်များအောက်တွင် အဖမ်းဆီးခံအဖြစ် အချုပ်နှောင်ခံနေရသော ကျမတို့ ရဲ့ ခေါင်းဆောင်များကိုလဲ ကွယ်ကာစောင့်ရှောက်တော်မူပါ။ သူတို့ ကိုလုံခြုံကျန်းမာစေလျှက် မကြာမှီအချိန်မှပြန်လည်လွှတ်မြောက်ရသောအခွင့်ကိုလဲပေးတော်မူပါအဖ။ လူမှုအသင်းအဖွဲ့ များကြားတွင် စည်းလုံးခြင်းကို ယူဆောင်ပေးလျှက် တဦးကိုတဦးကူညီစောင့်ရှောက်ရသောအခွင့်ကိုလဲပေးတော် မူပါ။ ကျမတို့ နိုင်ငံအတွက် လိုအပ်သည့်အကူအညီအားလုံးကိုလဲ စေလွှတ်ပေးဖို့ ကျမတို့ အော်ဟစ်တောင်းလျှောက်ပါတယ်အဖ။ ကျမတို့ နိုင်ငံကို ငြိမ်းချမ်းခြင်း ၊ စည်းလုံးခြင်း နှင့် ကြွယ်ဝစေပါအဖ။ ကျမတို့ ဒီလိုခက်ခဲတဲ့ အချိန်ကနေလွှတ်မြောက်ခွင့်ပေးနိုင်သူဟာ အဖဘုရားသာရှိတယ်ဆိုတာကို ကျမတို့ ယုံကြည်ပါတယ်။ သခင်ယေရှု၏နာမဖြင့်ဆုတောင်းပါတယ် အဖဘုရားရှင်။ အာမင်

မေရီလင်း
မလေးရှားကရင်အဖွဲ့ အစည်း မှအတွင်းရေးမှူး